**ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများရှိအရာထမ်းများအတွက်အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်မှု သင်တန်း(English Language Training for Government Officials) အမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း**

**နေပြည်တော်၊ ဒီဇင်ဘာ (၁၄) ရက်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နယူးဇီလန်နိုင်ငံ၊ ဗစ်တိုးရီးယားတက္ကသိုလ်တို့ ပူးပေါင်း ဆောင်ရွက်မှုအနေဖြင့် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများရှိ အရာထမ်းများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်မှုသင်တန်း (English Language Training for Government Officials) အမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်(၀၉:၀၀)နာရီတွင် နေပြည်တော်၊ ရုံးအမှတ်(၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ စုပေါင်းအစည်းအဝေးခန်းမ၌ Virtual System ဖြင့် ကျင်းပခဲ့ရာ သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက ဂုဏ်ပြုအမှာစကားကိုလည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံရုံးမှ သံအမတ်ကြီး H.E.Mr. Steve Marshall က နှုတ်ခွန်းဆက်အမှာစကားကို လည်းကောင်း အသီးသီးပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ နယူးဇီလန်နိုင်ငံ ဗစ်တိုးရီးယားတက္ကသိုလ်မှ တာဝန်ရှိသူများ သင်တန်းနည်းပြများ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း (၁၀၃)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအင်္ဂလိပ်စာသင်တန်းတွင် နိုင်ငံ့ဝန်ထမ်းများနှင့် ဆက်စပ်မှုရှိသည့် ကောင်းမွန်သော အုပ်ချုပ်မှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့်အသုံးချမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံ/တာဝန်ယူမှု၊ ဂုဏ်သိက္ခာရှိမှု၊ ခေါင်းဆောင်မှုဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု၊ တန်းတူညီမျှမှု၊ အခွင့်အရေးရရှိမှု၊ ပြည်သူ့ဗဟိုပြုခေါင်းဆောင်မှု၊ လုပ်ငန်းစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူယုံကြည်မှုကို တည်ဆောက်ခြင်းဖွင့်ဆိုမှုနှင့် E-Government စသည့်ဘာသာရပ်များကို အခြေခံ၍ နားထောင်မှုစွမ်းရည်၊ အပြောစွမ်းရည်၊ အဖတ်စွမ်းရည်များမှ တစ်ဆင့်ဝေါဟာရ ကြွယ်ဝစေရန်၊ သွက်လက်စွာ ပြောဆိုနိုင်မှုကိုတိုးမြှင့်စေရန်၊ အစည်းအဝေးမှတ်တမ်းရေးသားခြင်း နှင့် အီးမေးလ်ရေးသားခြင်းတို့တွင် အင်္ဂလိပ်စာစွမ်းရည် ပိုမိုတိုးတက်ကောင်းမွန်စေရေး နည်းဗျူဟာ များကိုသုံး၍ သင်ကြားပို့ချလျက်ရှိသည်။

သင်တန်း၏ သင်တန်းအမှတ်စဉ်(၁)ကို ၅-၂-၂၀၁၈ ရက်နေ့မှ ၁၆-၁၁-၂၀၁၈ ရက်နေ့ထိ လည်းကောင်း၊ အမှတ်စဉ်(၂)ကို ၂၁-၁-၂၀၁၉ ရက်နေ့မှ ၁၄-၁၁-၂၀၁၉ ရက်နေ့ထိ လည်းကောင်း၊ အမှတ်စဉ်(၃)ကို ၂၇-၁-၂၀၂၀ ရက်နေ့မှ ၁၁-၁၂-၂၀၂၀ ရက်နေ့ထိလည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး အမှတ်စဉ်(၃)၏ သင်တန်းကာလ ပထမပိုင်းကို ၂၇-၁-၂၀၂၀ ရက်နေ့မှ ၅-၃-၂၀၂၀ ရက်နေ့ထိ In-house Training ဖြင့် ဖွင့်လှစ်ပို့ချခဲ့ပါသည်။ သို့ရာတွင် သင်တန်းအမှတ်စဉ်(၃)၏ ဒုတိယပိုင်းနှင့် တတိယပိုင်းကို Coronavirus Disease (COVID-19) ကြောင့် In-house Training အစား Online Learning System ကို အသုံးပြု၍ ၂၁-၇-၂၀၂၀ ရက်နေ့မှ ၁၁-၁၂-၂၀၂၀ ရက်နေ့ထိ သင်ကြားပို့ချခဲ့ခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့<br>
နေပြည်တော်<br>
ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ လ (     )ရက်